# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

၁၆နှစ်ပြည့် နှစ်ပါတ်လည် သခင့်စကား ၁-၁၉၃




**အချင်းလူသား သင့်ကို ဂူသရေလ အမျိုးသို့ ကင်းစောင့် စေခြင်းငှာ ငါ ခန့်ထားသောကြောင့် သင်သည် ငါ၏ နှုတ်ထွက်စကားကို နားခံ၍ သူတို့ကို သတိပေးရမည်။ ယေဇကျေလ ၃၃း၇**


အမှတ်စဉ် (၁၉၃) စက်တင်ဘာလ ၂၀၁၇ ခုနှစ် ဗဗ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


**ဖာရိရှဲသတိပြု - ၂** *မင်းအောင်သက်လွင်*

ဖာရိရှဲသတိပြု-၂

အုတ်ဂူ အပြင်မှာ ထုံးဖြူတွေနဲ့ ဖြူဖွေးနေပေမဲ့ ။
အုတ်ဂူ အတွင်းမှာ ကတော့ ၊ ပုပ်ပွတဲ့ အသေကောင်။
မျက်နှာဖုံး အပြင်မှာ ဟန်ဆောင်အပြုံးတွေနဲ့ ချိုပြုံးနေပေမဲ့ ။



အတွင်းနှလုံးသားမှာကတော့ ၊ ရွှတ်တွလို့ ရန်မာန် ထောင်။
ဟိုလူတွေ ဆိုး ။ ဒီလူတွေ ဆိုး ၊ လက်ညှိုးက လူတကာကို ထိုး။
ပါးစပ်ဖျားက ချိုသယောင် ၊ "ဘုရား ဘုရား" နဲ့ ခနခန တ လို့ ဟန်ဆောင် ။
မြင်သာရာမှာ ကျမ်းစကားကို ကြားညှပ်ပြော ။



ကွယ်ရာမှာ အတင်းအဖျင်းကို တရစပ် ပြော ၊
ကျမ်းစာနဲ့ ဗန်းစကားပြော ။ ဆွမ်းဆန်နဲ့ ကြွက်ချေး ရော။
ရှည်လျားတဲ့ လုပ်ဂတ်စုံ ၊ ဂင့်ဂင့်ကြွား အလယ် လူပုံ ။
"ဆရာ ဆရာ" ပျူငှာစွာ ခေါ်ရင်ဖြင့် ၊ ဂွမ်းပီတိ ရွှမ်းပီတိနဲ့
ခေါင်းတညှိတ်ညှိတ်နဲ့ ဆုတောင်းချက် ရှည်လျား ။
မြွေဆိုး လိုလို ၊ မြေခွေး လိုလို
သူတော်ကောင်း လိုလို ။ လူတော်ကောင်း လိုလို
ဟိုလိုလို ဒီလိုလို လူတွေရယ် ၊ "ဖာရိရှဲ" လို့ခေါ်သတဲ့ကွယ်။
ယေရှုသခင် မိန့်မှာကြား ၊ ဒီလိုလူတွေ ခပ်များများ ။ သူကောင်းအရေခြုံထား။
ဆုတောင်းတော့ သူ့ဂုဏ် သူဖော် ၊ သူများ အပြစ်ကို လူရှေ့ ထုတ်ဖော်။



အဲ့လိုလူတွေ အလုပ်ရှုပ် ။ ဗိမ္မာန်တော်မှာ တကုပ်ကုပ်
လူများ အရှေ့မှာ ဟန်ပန်လုပ် ။ ဘုရားရှေ့ အကျင့်ယုတ်။ ။
(အခြေပြုကျမ်း။ မဿဲ ၂၃း၂-၃၉ လျှို့ဝှက်သော ကျမ်းပြုဆရာ ဖာရိရှဲ တို့၊ သင်တို့သည် အမင်္ဂလာ ရှိကြ၏။ - - - အပြစ် မပေါ်စေခြင်းငှာ ရှည်စွာသော ပဌနာ စကားကို ရွတ်တတ်ကြ၏။ - - - အဖြူ သုတ်သော သင်္ချိုင်းတွင်းနှင့် တူကြ၏။ - - - မြွေဆိုး အမျိုးတို့ သင်တို့သည် အပြစ် ငရဲ မှ အဘယ်သို့ လွတ်နိုင် ကြမည်နည်း။ လုကာ - ၁း၉-၁၄ ။ )

---

**FAITH** *သိုးသူငယ် - ဒါးက*




ယုံကြည်ပါ ။
မစုံလင်လဲ မပစ်ပယ် ။
ကိုယ်တော်ရဲ့ ကရုဏာရယ်
မလိုပါ ပိုကာအစဉ်မြဲ ပြည့်လျှံဆဲ ။
ယုံကြည်ပါ ။
အဆင်မပြေလဲ ချစ်တယ် ။
ကိုယ်တော်ရဲ့ ချစ်မေတ္တာရယ်
မပြောင်းလဲ ၊ မဟောင်းဘဲ ၊ အစဉ်မြဲ သစ်လွင်ဆဲ ။
ယုံကြည်ပါ ။
ငိုနေချိန် အမြဲရှိတယ် ။
ကိုယ်တော့် အကြင်နာ တရားရယ်
ဘယ်မှာ ရှာဖွေ ဒီလိုမျိုး တွေ့နိုင်မလဲ။ ။

FAITH

---

**သခင်ရဲ့သီချင်း** *ခန့်သစ်ရင်*



သခင်ရဲ့သီချင်း

သွေး -
တစ်စက်စက် ကျ ။
ချွေး -
စီးမျောကာ ကျ ။
နှလုံးသားနဲ့ သူ
ကမ္ဘာ လူတွေ အတွက် -
ချစ်ခြင်းများနှင့် ရေးခဲ့သည်
ကယ်တင်ခြင်း သီချင်း တစ်ပုဒ်။ ။






---

**ကျေးဇူးပါဆရာ** *ဆယ်မြူရယ်စိုးလွင်*

ကျေးဇူးပါဆရာ

ဘဝကို အလင်းပေး ၊ ကြင်နာ ဖေးလျက်
သာသနာဖြင့် ၊ ဘဝကို မြင့်တက်စေခဲ့တယ် ။
နှုတ်ကပတ်တော် ပေး ၊ လမ်းပြ ရှင်းလင်းလျက်
ဂရုဏာဖြင့် ဘဝကို တွန်းပို့ပေးခဲ့တယ် ။



အခု ....
ဆရာ့ ကျေးဇူး ၊ အထူးထူးကြောင့် သာလျင်ဖြင့်
ဘာသာပြန် စာပေ ၊ သာသနာ့ အမွေတွေ
ကျွန်တော် ဖြန့်ဝေလျက်ပါလေ ... ။ ။ **ဆယ်မြူရယ်စိုးလွင်**
(သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းကို ကျေးဇူးတင်လျှက် )

---

**"မေတ္တာ ရင်ခွင်"** *မေသူ (ဇောနေဇာ အသင်းတော်)*

မေတ္တာရင်ခွင်

ဤ ကမ္ဘာကြီး ငြိမ်းချမ်းရာ ၊ မေတ္တာတရား ထားကြပါ။
အမုန်းတရား ဘေးဖယ်ထား ၊ မေတ္တာတွေ ပွါးများ။
တစ်ဦးမေတ္တာ စေတနာ ၊ အချင်းချင်း ပေးဝေကာ
လိုက်နာကျင့်သုံး တစ်ပြုံးပြုံး ၊ ပျော်ရွှင်လို့ မဆုံး။



ကြွယ်ဝမေတ္တာ ဤကမ္ဘာ ၊ အေးငြိမ်း ချမ်းသာမှာ။
တစ်ဦးမေတ္တာ တစ်ဦးထား ၊ လက်တွဲ ရှေ့သို့သွား။
လောကခရီး သွားတဲ့အခါ ၊ စိတ်ဖိစီးမှု ကြုံရမှာ ။
အတ္တစိတ်ကို လျှော့ချထား ၊ သည်းခံစိတ် ပွါးများ။
သည်းခံစိတ် ထားနိုင်ရန် ၊ ကြိုးစား လုပ်ဆောင်ပါ။
ယေရှု ခရစ်တော်ထံ ခွန်အားတောင်း၊
ငြိမ်သက်နှလုံး နေလို့ကောင်း ။ ။ *မေသူ (ဇောနေဇာ အသင်းတော်)*

---

**အဖြူ** *စိုက်သူ*

အဖြူ

ယုံကြည် သက်ဝင်တဲ့ အသက်ရှင်ပုံ ။
ပါးလုပ်လုပ် ခပ်ယဲ့ယဲ့ သေးမျှင်မျှင်
မကြည်လင်လှဘူး ။



ဂိညာဉ် နားမျက်စိကို ပိတ်လို့
ယင် တစ်ကောင်ရဲ့ ခရီးတစ်ခု စဖို့ -
အညှီ ရှိရာ အသီဇာ တံခါးဆီ ဖွင့်အဂင် ၊
ငါ မမြင်နိုင်တဲ့ အရပ်က -
အမှောင်ထုရဲ့ ကိုယ်ထည်ဟာ
ငါ မသိလိုက်ခင်
ဆီ မရှိတဲ့ မီးအိမ် ၊ အမှီ မရှိတဲ့ တဲအိမ်မှာ -
မာယာ အဆိပ်ပန်းတွေ ပွင့် ၊ ပန်းဦးတွေ ညှိုး
မီးခိုး မမြင်ရတဲ့ ၊ အပူမီး တွေနဲ့
ဗီဇဆဲလ်တွေ ၊ ရဲသထက် ရဲ
မှောင်မည်း ယိုင်လဲ လို့ပေါ့။
ပွဲကို မောင်းနှင်သူရဲ့ သဘောနဲ့
အသံလာရာဆီ လှမ်းကြည့်လိုက်တော့ -









၁၆ နှစ်ပြည့် နှစ်ပါတ်လည် 16 years anniversary

From, September 2001
To, September 2017

အဆံ ပါမလာဘဲ ၊ ဆွဲ့အ ဂိညာဉ်တွေ မည်းနေတယ်။
ပါးရိုက် ခံရ၍ ၊ နား ပြန်ကိုက်သော သဘော



ဒီလူတောထဲ အပြုံမဲ့ အပျက် ပြောရင်း
လေနောက် ၊ လက် ပါမလာ ကြပြန်ဘူး ။
ဒီလို မျက်ရည်များနဲ့ ရေညှိတက် ဘ၀ ၊
လှည့်ဖျားခြင်း မှသား အဖရဲ့ တံခါး
သော့ အထပ်ထပ်နဲ့ ငါပိတ်ခဲ့ပြီး ၊
အိတ်သွန် ဖာမှောက် အန်ချလိုက်တဲ့ အခါ
မနေ့တုန်းက ငါ မဟုတ်တော့တဲ့ ငါ။



နှလုံးသား ကြမ်းပြင်က ၊ သံဂေဂ အော်သံကြောင့်
ရပ်စောင့်နေတဲ့ တံခါးသစ်အဖွင့်မှာ
သစ္စာကတိနဲ့ နာမ်ဂိညာဉ် မိတ်ဆွေ မျိုးစပ် သွေးထပ်ရင်း
ငါ့မျက်စိဟာ ဆီမီး ဖြစ်လို့ -



ကြည်လင် သန့်ရှင်း ၊ တစ်ကိုယ်လုံး လင်းခဲ့ရတယ်။
အလင်းရဲ့ ရန့် ၊ အလင်းရဲ့ အငွေ့အသက်
ငါ့ ဂင်သက် ထွက်သက်ကြား ၊ ပျော်ပါး နေလာလိုက်တာ
လက်နီးစုတ် ရောင်နဲ့ ငါ့နှလုံးသား
အခုတော့ " ဖြူ " လို့ပါလား။ ။ စိုက်သူ

---

# အလိုတော်ရှိသောအချိန်

အလိုတော်ရှိသောအချိန် ဟန်နီထွေး



အလိုတော်ကြောင့် အချိန်တစ်ခုမှာ ဆုံတွေ့ခဲ့ရတယ်။
အလိုတော်ကြောင့် အချိန်တစ်ခုမှာ ခင်မင်ခဲ့ရတယ်။
အလိုတော်ကြောင့် အချိန်တစ်ခုမှာ အတူတူ ဖြတ်သန်းခဲ့ရတယ်။
အလိုတော်ကြောင့် အချိန်တစ်ခုမှာ အမှတ်တရ တွေ့ရှိခဲ့ရတယ်။
အလိုတော်ကြောင့် အချိန်တစ်ခုမှာ သံယောဇဉ်တွေ ဖြစ်ခဲ့ရတယ်။
ဒါပေမယ့် - - -



အလိုတော်ကြောင့် အချိန်တစ်ခုမှာ ခွဲခွာရတော့မယ်။
အလိုတော်ကြောင့် အချိန်တစ်ခုမှာ
ဆုံတွေ့ခွင့် ရခဲ့ပြန်ရင်လည်း မှတ်မိပါ့အုံးမလား။
အရာရာဟာ အလိုတော် အတိုင်းပေါ့ သူငယ်ချင်းရယ်။ ။ ဟန်နီထွေး

---

# သင့်ခန္ဓာအကြောင်းမှန်ကန်စွာသိနားလည်ခြင်း

**သင့်ခန္ဓာအကြောင်း မှန်ကန်စွာသိနားလည်ခြင်း**

ဆယ်မြူရယ်စိုးလွင်





သင့်ခန္ဓာကို ဘုရားအသုံးပြုလိုသည်ကို သိပါရဲ့လား။

သင့် ခန္ဓာကိုယ် အကြောင်းအား သင်မည်မျှ သိရှိပါ သနည်း။ သင့် ခန္ဓာကိုယ်၏ ဖြစ်တည်မှုကို သင်သိပါသလား။ ဘာအတွက်နှင့် ဘာအတွက် အသုံးမပြုရန် လိုအပ်သနည်း။ စနစ်တကျဖြင့် အသုံး ပြုရန် သင်မည်မျှအထိ သိရှိပါသနည်း။ ခန္ဓာကိုယ် အကြောင်း သိရန်လွန်စွာအရေးပါလှပြီး မည်သို့ အသုံးပြုရမည်နည်းကို သိရှိ ရန်လိုသည်။ ၁ ကော၊ ၆ တွင်သင့် ခန္ဓာကိုယ် အတွက် လွန်စွာ အရေးပါသော အကြောင်းအရာ ခြောက်ချက်ကို တွေ့ရ သည်။

၁။ ဘုရားအတွက်ဖြစ်သော ခန္ဓာ။

"ကိုယ်ခန္ဓာသည် မတရားသောမေထုန်အဖို့ဖြစ်သည် မဟုတ်။ သခင် ဘုရား အဖို့ ဖြစ်၏။ သခင်ဘုရား သည်လည်း ကိုယ် ခန္ဓာအဖို့ ဖြစ်တော်မူ၏" ( ၁ ကော၊ ၆း၁၃)။

သင့်ခန္ဓာသည် ဘုရားသခင့် ဘုန်းတော်နှင့် ဘုရားသခင်အား ချီးမွမ်းကိုးကွယ်ခြင်း ပြုရန်အတွက် အသုံးပြုရန် ဖြစ်သည်။ ထို့ကြောင့် သင့်ခန္ဓာ အား သင့်စိတ်ဆန္ဒရှိရာ အတိုင်း အသုံးပြုရန် မဟုတ်။ ထို့ကြောင့် မတရားသော မေထုန် အမှုသည် သခင်ဘုရား ကျေနပ် အားရစေမည့် အသုံးပြုခြင်း မဟုတ်ပါ။

၂။ ထမြောက်ခြင်းရှိဦးမည့် သင့်ခန္ဓာ။

"ဘုရားသခင်သည် တန်ခိုးတော်အားဖြင့် သခင်ဘုရား ကို ထမြောက် စေတော်မူသည် ဖြစ်၍၊ ငါတို့ကိုလည်း ထမြောက် စေတော်မူလိမ့်မည်" ( ၁ ကော၊ ၆း၁၄)။

သင့်ခန္ဓာသည် ဘုရား ကျေးဇူးတော်အားဖြင့် ပြန်လည် ထမြောက်လာရဦးမည် ဖြစ်သောကြောင့် သင့်ခနာအား လောက တွင် မည်သို့အသုံးပြုခဲ့သည် ဆိုခြင်းမှာ လွန်စွာ အရေးပါသည့် အကြောင်းတရားတစ်ခုလည်းဖြစ်သည်။

၃။ ခရစ်တော်၏ အစိတ်အပိုင်းဖြစ်သောခန္ဓာ။

"သင်တို့ ကိုယ်ခန္ဓာသည် ခရစ်တော်၏ အင်္ဂါ ဖြစ်ကြောင်း ကို မသိကြ သလော" ( ၁ ကော၊ ၆း၁၅)။

သင့်ခန္ဓာသည် ကြီးမြတ်လှသော ခရစ်တောဘုရားနှင့် အသင်းတော်၏ အစိတ်အပိုင်း တစ်ခု ဖြစ်မှုကို သိပါ။ ထို့ကြောင့် လွန်စွာအရေးပါပြီး နိုင်ငံတော်အတွက် ထင်ရှားသည့် ဘုရားပေး ဆုလဒ်တစ်ခုဖြစ်သည်။ ထို့အတူ သင့်ကိုယ်ခန္ဓာသည် ခရစ်တော် ဘုရား၏ အသင်းဝင်ဖြစ်ပြီး၊ အသင်းတော် တည်ဆောက်ရေးတွင် စနစ်တကျ ဖြင့်ပါဝင် ဆက်ကပ် ရန်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် တို့၏ ကိုယ်ခန္ဓာ အားဖြင့် အသင်းတော်တည်ဆောက်သူများ ဖြစ်ရန်လိုသည်။ တနည်း ဆိုရလျှင် ကျွန်ုပ်တို့ ပိုင်ဆိုင်ဖို့ရန် ဘုရား သခင် ပေးထားသော ခန္ဓာကိုယ်အားဖြင့် အသင်းတော်အား ဆန့်ကျင်ဖြိုဖျက်နေသူ မဖြစ်ရန် လိုသည်။

၄။ ဝိညာဉ်တော်၏ ဗိမာန်ဖြစ်သော ခန္ဓာ။

"သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော် မူသော ဝိညာဉ်တော် တည်းဟူသော သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန် ဖြစ်ကြောင်းကိုငှင်း မသိကြ သလော" ( ၁ ကော၊ ၆း၁၉)။

သင်ရောက်ရှိသည့် နေရာ၊ လုပ်ဆောင်ရာ အမှုတိုင်း၌ ခမည်းတော်ဘုရားနှင့် သန့်ရှင်းဝိညာဉ်တော်သည် မောန္တေလ ဖြစ်သည့်အတိုင်း အမြဲ အစဉ် အတူ ရှိနေသည်။ သင် တစ်ဦးတည်း အထီးတည်း သွား လာ နေခြင်း မဟုတ်၊ မောန္တေလဘုရားမှ သင် နှင့်အတူ ပါရှိနေသည်။

၅။ သင်မပိုင်သော သင့်ခန္ဓာ။

"မိမိတို့ကိုယ် မိမိတို့ မပိုင်ကြောင်းကိုငှင်း မသိကြသ လော" ( ၁ ကော၊ ၆း၁၉)။

"ငါ့ခန္ဓာ ငါပိုင်တာမို့ နှစ်သက်သလိုပြုနိုင်တယ်"

သင်မပိုင်ပါ။ သင့်အား ခရစ်တော်သည် အသွေးတော်နှင့် ရွေးဝယ်တော်မူခဲ့ပြီး၊ သေခြင်းမှ ထမြောက်တော်မူခဲ့သည်။ ထို့ကြောင့် သင့်ခန္ဓာသည် ဘုရားသ ခင် သာ ပိုင်သည်။ ထို့ကြောင့် သင့်ခန္ဓာ ကိုယ်အား သင်မည်သို့ အသုံးပြုရမည်နည်း။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၃ ဓာတ်တာဘော ၂၀၁၅ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချီရန် ကန့်သတ် ထုတ်ဝေသည်။

၆။ ဘုန်းတော်ထင်ရှားစေရမည့် ခန္ဓာ။

“သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရား သခင်၏ ဂုဏ်တော်ကိုထင်ရှား စေကြလော့”( ၁ ကော၊ ၆း၂၀)။

သင့်ခန္ဓာကိုယ် အကြောင်းကို သိရှိနားလည်ခြင်းနှင့်အတူ ဘုရားသခင်ရွေးဝယ်တော်မူထားသည့် လမ်းစဉ်အတိုင်း အသုံးပြု အသက်ရှင်ခြင်း ဖြင့် ဘုရား သခင့် ဘုန်းတော်ကို ထင်ရှားစေနိုင်ပါ သည်။ ဘုရား အတွက် ဖြစ်တည်သော သင့်ခန္ဓာကိုယ်။ ထမြောက် ခြင်းရှိဦးမည့် ခန္ဓာကိုယ်။ ခရစ်တော်၏ အစိတ်အပိုင်းဖြစ်သည့် ခန္ဓာကိုယ်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော် ဖြစ်သည့် ခန္ဓာကိုယ်နှင့် သင် မပိုင်သော သင့်ခန္ဓာ ဖြစ်သည် မဟုတ်လား။

ထို့ကြောင့် မေးစရာ မေးခွန်းမှာ -“သင့်ခန္ဓာဖြင့် ဘုရား ဘုန်းတော် ထင်ရှား စေပါရဲ့လား” နာမတော်မြတ်၌ - ဆယ်မြူရယ်စိုးလွင်

---

# အိမ်ထောင်သာယာဖို့ဘုရားကိုအားကိုးပါ

**"အိမ်ထောင်သာယာဖို့ဘုရားကိုအားကိုးပါ"** *မေသူ(ဇောနေဇာ အသင်းတော်)*

အစဦး၌ ဖန်ဆင်းတော် မူသော အရှင်သည် ယောကျ်ားနှင့် မိန်းမ ကို ဖန်ဆင်း တော်မူ၏။ (မသဲ ၁၉:၄)



ဘုရားသခင်က အိမ်ထောင် မင်္ဂလာကို အစပြုပေးတဲ့ အရှင် ဖြစ်ပါ တယ်။ ပထမဆုံး လူမိန်းမ ဖြစ်တဲ့ ဧ ဝကို ဖန်ဆင်းပြီးတဲ့နောက် "လူရှိရာသို့" ခေါ် သွား ပေးခဲ့တယ်လို့ ကျမ်းစာမှာ ဖော်ပြထားပါတယ်။ အဲဒီအခါ လူ ယောကျ်ား ဖြစ် တဲ့ အာဒံဟာ ပျော်လွန်းလို့ "ဤသူသည် ငါ့ အရိုးထဲက အရိုး။ ငါ့ အသား ထဲက အသား" ဖြစ်တယ်လို့ ပြောခဲ့တယ်။

(ကမ္ဘာဦးကျမ်း ၂း၂၂-၂၃) ဘုရားသခင်က ခုချိန်ထိလည်း အိမ်ထောင်သည် တွေကို ပျော်ရွှင် ကြည်နူးစေချင်တယ်။ အိမ်ထောင် ပြုတဲ့အခါ အစစ အရာရာ ပြီးပြည့်စုံ သွားပြီလို့ သင် ယူဆပါလိမ့်မယ်။ လက်တွေ့မှာတော့ မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ကြိုက်ပြီး အိမ်ထောင် ပြုခဲ့သူတွေတောင် ပြဿနာတွေ ကြုံတွေ့ရတယ်။ မိသားစု ပျော်ရွှင်စေမယ့် ကျမ်းစာ လမ်းညွှန်ချက်တွေကို တွေ့ရပါလိမ့်မယ်။ အဲဒီ လမ်းညွှန်ချက်တွေကို ကျင့်သုံးမယ်ဆိုရင် သင့်ရဲ့ အိမ်ထောင်မှာ မိသားစုမှာ ပျော်ရွှင် ခံစား ရပါလိမ့်မယ်။ (ဆာလံ ၁၉:၈-၁၁)



(၁) " ဘုရား ပေးထားတဲ့ သင့်ရဲ့ တာဝန်ကို လက်ခံ ပါ"

အိမ်ထောင် ဦးစီးက ခင်ပွန်း ဖြစ်ပါ တယ်။ (ဧဖက် ၅:၂၃)

သင်ဟာ ခင်ပွန်း ဖြစ်တယ်ဆိုရင် ဇနီးကို သနားကြင်နာမှုနဲ့ ဂရုစိုက် စောင့်ရှောက် ဖို့ ဘုရားသခင် တောင်းဆိုပါတယ်။ (၁ ပေတရု ၃:၇) သင်ရဲ့ ဘဝလက်တွဲဖော် အဖြစ် ဇနီးသည်ကို ဘုရားသခင် ပေးထားတာ ဖြစ်တယ်။ ဒ့ါကြောင့် ကိုယ်ရဲ့ ဇနီးကို ဂုဏ်တင်ပြီး မေတ္တာနဲ့ ပြုမူ ဆက်ဆံဖို့ ဘုရား အလိုတော်ရှိတယ်။ (ကမ္ဘာဦး၂:၁၈) ကိုယ့်အကျိုးထက် ဇနီးရဲ့ အကျိုးကို ဦးစားပေးတဲ့ အထိ ဇနီးကို အလွန်ချစ်မြတ်နိုး ရမယ်။

ခင်ပွန်းကို အလွန် ရှိသေပြီး သူ့ရဲ့ တာဝန်ကို ထမ်းဆောင်နိုင်အောင် ကူညီပေးဖို့ ဘုရားသခင် တောင်းဆို ထားတယ်။ ဒ့ါ ကြောင့် ခင်ပွန်းရဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံ ပေးပြီး အပြည့်အဝ ပူးပေါင်း ဆောင်ရွက် ပေးရမယ်။ (ကောလောသဲ ၃:၁၈) အဲဒီလို လုပ်မယ် ဆိုရင် ခင်ပွန်း ရှေ့မှာရော ဘုရားသခင်ရှေ့မှာပါ သင်ဟာ အဖိုး ထိုက်တန်တဲ့ အမျိုးသမီး တစ်ယောက် ဖြစ်လာ ပါလိမ့်မယ်။ (၁ ပေတရု ၃:၁၆)

(သင်လုပ်ဆောင်နိုင်ဖို့ရာ - )

ခင်ပွန်းကောင်း ဒါမှမဟုတ် ဇနီးကောင်း ဘယ်လို ဖြစ်နိုင်မလဲ ဆိုတာ ကိုယ့်အိမ်ထောင်ဖက်ကို မေးကြည့်ပါ။ သူပြောတာကို သေချာ နားထောင်ပြီး အဲဒီအတိုင်း လုပ်ဖို့ ကြိုးစားပါ။

(၂) အိမ်ထောင်ဖက်ရဲ့ ခံစားချက်တွေကို ဂရုစိုက်ပေးပါ။

သင့်အနေနဲ့ အိမ်ထောင်ဖက်ရဲ့ အရေးကိစ္စကို ဂရုစိုက်ပေးဖို့ လိုပါတယ်။ (ဖိလိပ္ပိ ၂:၂၄) ကိုယ့် အိမ်ထောင်ကို တန်ဖိုးထားပါ။ လူချင်းသိမ်းနဲ့ ဆက်ဆံရာတွင် သိမ်မွေ့ သောသူ ဖြစ်ပါလို့ ဘုရား တောင်းဆိုထားတဲ့ အချက်ကို သတိရပါ။ (၂တိမောသေ ၂:၂၄) သန်လျက် နှင့် ထိုးသကဲ့သို့ မစဉ်းစားပဲ ပြောဆိုတတ်သောသူ အချို့ ရှိ၏။ ပညာရှိတို့၏ လျှာမူကား အနာကို ငြိမ်းစေတတ်၏ လို့ ကျမ်းစာက ဆိုထားပါတယ်။ ဒ့ါကြောင့် သေချာ စဉ်းစားပြီးမှ ပြောဆိုပါ။ (သုတ္တံ ၁၂: ၁၈) ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နဲ့ ပြောဆိုတတ်ဖို့ ဘုရားသခင်ရဲ့ စွမ်းအား တော်က သင့်ကို ကူညီပေးပါလိမ့်မယ်။ (ဂလာတိ ၅:၂၂) (ကောလောသဲ ၄:၆)

(သင်လုပ်ဆောင်နိုင်ဖို့ရာ - )

အိမ်ထောင်ဘက်နဲ့ အရေးကြီး ကိစ္စတွေကို မဆွေးနွေးခင် စိတ်တည်ငြိမ် နိုင်ဖို့၊ သဘောထား ကြီးနိုင်ဖို့ ဆုတောင်းပါ။ ဘာပြောမလဲ ဘယ်လိုပြောမလဲ ဆိုတာ သေချာ စဉ်းစားပါ။

(၃)ပူးပေါင်းလုပ်ဆောင်ဖို့ စဉ်းစားပါ။

သင်ဟာ အိမ်ထောင် ပြုလိုက်ပြီဆိုရင် သင့် အိမ်ထောင်ဖက်နဲ့ "တစ် သား တစ်ကိုယ်တည်း" ဖြစ်သွားပါပြီ။ (မသဲ ၁၉:၅)။ ဒါပေမဲ့ သင်တို့ နှစ်ဦးဟာ သီးခြား ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက် အမြင်ချင်း လည်း တူကြမှာ မဟုတ်ဘူး။ ဒ့ါကြောင့် သင်တို့ရဲ့ တွေးခေါ်ပုံတွေ၊ ခံစားချက်တွေ တစ်ထပ်တည်း ကျအောင် ကြိုးစားဖို့ လိုပါတယ်။ (ဖိလိပ္ပိ ၂:၂) သင်တို့ နှစ်ယောက် စည်းလုံးမှု ရှိမှသာ ဆုံးဖြတ်ချက်တွေကို တညီတညွတ်တည်း ချနိုင်မှာ ဖြစ်ပါတယ်။

"တိုင်ပင်လျှင် အကြံ ထမြောက် တတ်၏" လို့ ကျမ်းစာမှာ ဖော်ပြထားပါတယ်။ (သုတ္တံ ၂၀:၁၈) ကျမ်းစာ လမ်းညွှန်းတွေကို လက်ခံပြီး အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို နှစ်ယောက် အတူတူ ချနိုင်ပါစေ။

(သင် လုပ်ဆောင် နိုင်ဖို့ရာ - )

ကိုယ့် အိမ်ထောင် ဖက်ကို ပြဿနာတွေ ယူဆချက်တွေ လောက်ပဲ မပြော ပါနဲ့။ ကိုယ့်ခံစားချက်တွေကိုလည်း ပြောပြပါ။ ဆုံးဖြတ် ချက်တွေ မချခင် ကိုယ့် အိမ်ထောင်ဖက်နဲ့ တိုင်ပင် ပါ။

နောက်ဆုံး အနေနဲ့ ကိုယ့် အိမ်ထောင်ဖက်ကို အပြစ် မတင်ပါနဲ့။ အကောင်းမြင် ပေးပါလို့ ပြောချင်ပါတယ်။

ကိုယ်ရော ကိုယ့် အိမ်ထောင်ဖက် ပါ အပြစ်အားနည်း ချက်တွေ ရှိတယ် ဆိုတာ သတိရပါ။ (ဆာလံ ၁၀၃:၁၄။ ယာကုပ် ၃:၂) အိမ်ထောင်ဖက်ရဲ့ အရည်အသွေး ကောင်းတွေကို မြင်အောင် ကြိုးစားပါ။ ကျမ်းစာ လမ်းညွှန် ချက်တွေကို အိမ်ထောင် မှာ လက်တွေ့ ကျင့်သုံးမယ်ဆိုရင် အကျိုး ရှိတယ် ဆိုတာ ယုံကြည် စိတ်ချပါ။ စိတ်ရှည်ပါ။ (၂တိမောသေ ၃:၁၆)

ကျမ်းစာ လမ်းညွှန်ချက်တွေ အတိုင်း ကြိုးစား နေထိုင်တဲ့ သင်တို့ကို ထာဝရ ဘုရားသခင် ဆုချ ပါလိမ့်မယ်။ သင်တို့ရဲ့ အိမ်ထောင် နှောင်ကြိုးလည်း တစ်နှစ်ပြီး တစ်နှစ် ပိုမို ခိုင်မြဲ လာပါလိမ့် မယ်။ ကိုယ့်ကိုကိုယ် ဒီလို မေးပါ။ ကိုယ့်ကိုကိုယ်ထက် အိမ်ထောင်ဖက်ကို ငါ ဂရုစိုက် ပေးတယ် ဆိုတာ သူ သိသလား။ အိမ်ထောင်ဖက်ကို ချစ်ကြောင်း ဒီနေ့ ငါ ဘယ်လို ဖော်ပြပြီးပြီလဲ။ အိမ်ထောင်ရှင် အယောက်ဆီတိုင်းကို ဘုရားသခင် ကောင်းကြီး ပေးပါစေ။

။ *မေသူ (ဇောနေဇာ အသင်းတော်)*

---



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၃ ဧက်တင်ဘာလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန့်သူတ ထုတ်ဝေသည်။

# ဒဏ်ရာများနှင့် သိုး

**ဒဏ်ရာများနှင့်သိုး** *နီနီလွင်*



ဟိုတချိန် တခါက ဆို၊ ကျမ က ဖန်ဆင်းရှင်ဘုရားကို မသိသေးပါဘူး။ ဒီလိုနဲ့ဘဲ ဧဝံဂေလိသတင်းကောင်းကို ကြားပြီး ဘုရားသခင်ရဲ့ သိုးကလေးဖြစ်လာ ခဲ့ရပါတယ်။

ကျမတို့ခြံရှေ့ လမ်းမကြီးရဲ့ ဘေးနားမှာ အင်မတန် အပွင့် လှတဲ့ ကန့်ကော်ပန်း ပင်ကြီး ရှိပါတယ်။ တစ်နေ့တော့ လူကြီးလူကောင်းပုံ ပေါက်တဲ့ အဖွဲ့အစည်း တစ်ခုက လာပြီး ဒီအပင်ကြီးကို ခုတ်လှဲရမယ်ဆိုပြီး ခုတ်လှဲ သွားကြပါတယ်။ ကျမတို့ လမ်းသူလမ်းသားတွေလဲ နမြောပေမဲ့ ဘာတစ်ခုမှ မပြောသာခဲ့ဘူး။ သိပ်မကြာခင်မှာဘဲ နောက်ထပ် လူကြီးလူကောင်း တစ်ဖွဲ့က တစ်ပေသာသာ ကန့်ကော်ပင်ပေါက် ကလေး တစ်ပင်ကို အရင် ခုတ်လှဲပြီးတဲ့ အပင်ကြီးနေရာမှာ အစားထိုးပြီး လာစိုက်ကြပါတယ်။ လူကြီးလူကောင်းပုံ ဖမ်းထားတဲ့သူတို့ အဖွဲ့ကို အမေက ကြည့်မရတော့ "နင်တို့က ဘာလာလုပ်တာလဲ။ ပန်းပွင့်နေတဲ့ အပင်ကို ကျတော့ ခုတ်လှဲပြီး ဒီအပင်ပေါက်လေး အစားထိုး လာစိုက်ထားတာ ဒီအပင်က ငါသေသွားရင်တောင် အပွင့် ပွင့်နိုင်မှာ မဟုတ်ဘူး" လို့ စိတ်တိုတိုနဲ့ ပြန်ပြောလိုက်ပါတယ်။ အဲဒီ အချိန်မှာ အဲဒီ လူစုထဲက တစ်ယောက်က "အဒေါ် လူမှားနေပြီ။ ကျနော်တို့က စိုက်တဲ့ အဖွဲ့ ။ အရင်က လူတွေက ခုတ်တဲ့အဖွဲ့" လို့ ပြုံးပြီး ပြောသွားခဲ့ပါတယ်။

နောက်တစ်ခုက - ကျမ ယုံကြည်သူ ဖြစ်စ ကာလလောက်မှာ ဖြစ်ပါတယ်။ ခရစ်ယာန်ဦးလေးကြီး တစ်ယောက်နဲ့ ညားနေတဲ့ ကျမတို့ အဒေါ်က ကျမ ကို ခရစ်ယာန် မဖြစ်စေချင်တဲ့ အတွက် ဆုံးမ ပါတယ်။ "တူမလေး၊ အဒေါ်က ရှင်ကြီး ဂမ်းထဲလဲ ဂင်ခဲ့ပြီးပြီ။ ရှင် ငယ် ဂမ်းထဲလဲ ဂင်ခဲ့ပြီးပြီ။ ချီးစော် နံလို့ ပြန်ထွက်လာခဲ့တာ" တဲ့။ အဲဒီလို ဥပမာ ပေးခဲ့ပါတယ်။ ကျမ ကလဲ ပြန်ပြောလိုက်တာ ပေါ့။ "ဒေါ်ကြီးက ရှင်ကြီးနဲ့ ရှင်ငယ် ဂမ်းထဲဘဲ ဂင်ခဲ့ပြီး ခရစ်တော်ဘုရားရဲ့ ဂမ်းထဲကိုမှ ရောက်အောင် မဂင်ခဲ့တာကိုး " လို့ ကက်ကက်လန်အောင် ပြန်ပြောခဲ့ဖူးတာ ခုထိ မမေ့သေးပါဘူး။ ကြာတော့လဲ ကြာခဲ့ပါပြီ။

ကျမတို့ ခြံရှေ့ က ကန့်ကော်ပင်ကြီးလို၊ ကျမ အဒေါ်ပြောတဲ့ အနံ့ဆိုးတွေ ထွက်နေကြတယ် ဆိုတဲ့ အကြောင်းလို။ တကယ့်တကယ် နေ့စဉ် ခရစ်ယာန် ယုံကြည်သူ အသက်တာ လမ်းမှာ လျှောက်လှမ်းကြပြီဆိုရင် ဘုရားကျောင်းထဲမှာ ဟန်ဆောင် ဂတ်ပြု ကိုးကွယ်သလို မဟုတ်ဘဲ အပေါ်ယံ မျက်နာဖုံးတွေ ကွာကျလာတာကို မျက်ဂါးထင်ထင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။



ဘယ်မှာလဲ ထောက်ထား ညှာတာမှု။ ဘယ်မှာလဲ အဂ်ါချင်း ဆိုတဲ့ ကိုယ်ချင်း စာနာမှု။ ဘယ်မှာလဲ ဘုရား သားသမီးတွေဘဲ ဆိုတဲ့ တော်စပ်မှု။ ဘယ်မှာလဲ မျက်မှောက်တော်ဆိုတဲ့ နီးစပ်မှု။ ဘယ်မှာလဲ -- ။ ဘယ်မှာလဲ -- ။ ဘယ်မှာလဲ -- ။ သာမာန် မျက်စေ့နဲ့ မတွေ့မမြင် ရတဲ့ ဘုရားကို အရမ်းချစ်ကြပါတယ် ဆိုပြီး မျက်စေ့နဲ့ မြင်နေရတဲ့ ခရစ်တော်၌ ယုံကြည်သူ ညီအစ်ကို အချင်းချင်းကို နောက်ကျော ဓါးနဲ့ ထိုးနေ ကြတာ။ တစ်ဦး ကောင်းစားရင် တစ်ဦးက ဆွဲချတာ။

နိုင်ငံတော်နဲ့ ဖြောင့်မတ်ခြင်း အတွက် ရှေ့တန်းကနေ ဧဝံဂေလိ မျိုးစေ့တွေကို အချိန်၊ ငွေ၊ သွေး၊ ချွေး၊ အသက်၊ မျက်ရည်တွေနဲ့ ရင်းပြီး ပေးဆပ်အနစ်နာ ခံနေတဲ့ မာတုရ သာသနာပြု သူရဲကောင်းတွေ ရှိနေပေမဲ့ နေရာတိုင်းမှာတော့ဖြင့် ဂိညာဉ်ပန်းကောင်းလေးတွေကို အညွန့်ကျိုး စေရန် ထိမိပြီး လဲကျစေရန် အမျိုးမျိုးသော စုံစမ်းနောက်ယှက်ခြင်းတွေကို စာတန်ရဲ့ ကိုယ်စားလှယ်တဖြစ်လဲ ကိုယ့်ကိုယ်ကို အမှုတော်ဆောင်လို့ တွင်တွင် အော်နေကြတဲ့ သူတွေက ပြုလုပ်တဲ့အခါ ကျမ တို့လို ခရစ်တော်ဘုရားကို ယုံကြည်လို့ မိဘအစွန့်ပစ်ခံရတဲ့ အခြေခံ လူတန်းစားတွေမှာ ပေးစရာလဲ ငွေ မရှိ။ ပြေးစရာလဲ မြေ မရှိ။ ဆိုသလို ဖြစ်လာရပါတယ်။ (ကိုယ့်ကို လခ ပေးတဲ့ အလုပ်ရှင် တစ်ယောက်တည်း ရှိပေမဲ့ ကိုယ့်ဆီက ဆယ်ဖို့ တစ်ဖို့ ယူမဲ့ အလှူခံ ဆရာ က လေးငါးဦးလောက် ရှိနေလေတော့ စဉ်းစားသာ ကြည့်ကြပါတော့လို့ - -)

ကျမ တို့ သိုးတွေတွေရဲ့ အသက်တာက တော်တော် အသက်ရှူ မချောင်ပါဘူး။ အဲ့ဒီ ခုတ် ခုတ် ခုတ်၊ သာသနာ ဘာသာရေး ခေါင်းဆောင်ခရစ်ယာန် နဲ့။ စိုက် စိုက် စိုက်၊ ဘာသာရေး ခေါင်းဆောင်ခရစ်ယာန်တွေ ကြားမှာအသက်ရှင်ရတာ တော်တော် ခက်ခဲလှပါတယ်။ ဒီအကြောင်းတွေကို အလုံးစုံသိနေကြတဲ့ မိဘဆွေမျိုး ညီအစ်ကို မောင်နှမ တွေကလဲ အဲ့ဒီ အထဲမှာ မနေနဲ့တော့။ ပြန်ထွက် လာခဲ့တော့ လို့ ရာဇ သံတွေ ပေးလာပါတယ်။

ဒါပေမဲ့ ပေါ့လေ။ ကျမ အခု ရောက်နေတာ၊ ရှင်ကြီးနဲ့ ရှင်ငယ်ရဲ့ ဂမ်းထဲမှာပေါ့။ ဒါဆိုလဲ အဒေါ်ကို ပြောခဲ့ဖူးသလိုဘဲ ခရစ်တော် ဘုရားရဲ့ ဂမ်းထဲထိရောက်အောင် ကျမတို့ ဂင်ရမှာပေါ့။ ဒါမှ ဒီလို ပုပ်ပွ နံစော်နေတဲ့ အနံ့ ဆိုးတွေရဲ့ဒဏ်က လွတ်မှာလေ။ ခရစ်တော်ဘုရားရဲ့ ဂမ်းထဲလို့ ဆိုရာမှာလဲ မျက်မှောက်တော် အထဲထိ ရောက်ဖို့လို့ ကျမတို့ နားလည်ခံယူထားကြပါတယ်။ ဒီတော့ကာနေ့စဉ် စုံစမ်းခြင်း အမျိုးမျိုးက ကင်းဝေးစေရန် အလို့ငှာ ရရှိထားသော ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းပြီး ဂိညာဉ်ရေးရာ ဆက်လက် ရှင်သန်နိုင်ရန် မျက်မှောက်တော်သို့သာ သာ၍ တိုးဂင်ရောက် ရကြအောင် ညီအစ်ကို မောင်နှမတို့ရေ ---- ။ ။ နီနီလွင်

(ဟေဗြဲ ၂း၉-၁၈ စုံစမ်းနောက်ယှက်ခြင်းကို ကိုယ်တော်တိုင် ခံ၍ ဒုက္ခဆင်းရဲ ၌ ကျင်လည်သောကြောင့် စုံစမ်းနောက်ယှက်ခြင်း အမှုနှင့် တွေ့ကြုံသော သူတို့ကို မစခြင်းငှာ တတ်နိုင်တော်မူ၏။)

---




ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သား ဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ ယော ၁း၁၂

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+ ၉၅၉ ၄၅၇ ၁၅၅ ၉၁၅ ) သို့ ပေးပို့ နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ် များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှု နိုင်ပါသည်။ ဝိညာဉ် ရေးရာ ရသစုံ (ကဗျာ၊ ကာတွန်း၊ ဟာသ၊ သက်သေခံချက်၊ ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)